# ပုဂံခေတ်မြန်မာစကားရှိနာမ်နှင့်နာမ်ပုဒ်များ
# (ဘာသာဗေဒလေ့လာချက်)

ပါရဂူ(Ph.D)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မစုစုခိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ပုဂံခေတ်မြန်မာစကာရှိ နာမ်နှင့်နာမ်ပုဒ်များကို ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ လေ့လာတင်ပြရာတွင် အခန်း(၅)ခန်းခွဲကာ လေ့လာထားပါသည်။ အခန်း(၁)တွင် လေ့လာတင်ပြမည့်နယ်ပယ်သတ်မှတ်ခြင်း၊ အသုံးပြုမည့်နည်းစနစ်များအနက် ဓမ္မဓိဋ္ဌာန်ကျသော ဘာသာဗေဒနည်းဖြင့် လေ့လာတင်ပြမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အခန်း(၂)တွင် ဘာသာဗေဒ အမြင်နှင့်မြန်မာဘာသာစကား၏ နာမ်၊ ကြိယာ၊ ဝိဘတ်ဟူသော ဝါစင်္ဂသုံးပါးလက်ခံ သတ်မှတ်ခြင်းကို ဆွေးနွေးတင်ပြထားသည်။ အခန်း(၃)သည် ပုဂံခေတ်မြန်မာဘာသာစကားရှိ နာမ်ရိုး၊ နာမ်ရော၊နာမ်ပေါင်း ဟူသော နာမ်အမျိုးအစား(၃)မျိုးကို ဖွဲ့စည်းပုံသာဓကများဖြင့်တကွ ဆွေးနွေးတင်ပြ ထားပါသည်။ အခန်း(၄)တွင် နာမ်ပုဒ်အကြောင်းကို လည်းကောင်း၊ ပုဂံခေတ်မြန်မာဘာသာစကားရှိ တိုးချဲ့နာမ်ပုဒ် ဖွဲ့စည်းပုံများကိုလည်းကောင်း သာဓကများအစုံအလင်နှင့်ဆွေးနွေးတင်ပြထားသည်။ အခန်း(၅)သည် ခြုံငုံသုံးသပ်ချက်ဖြစ်သည်။